# The Case of the DEADLY TOY

ERLE STANLEY
**GARDNER**

A Perry Mason Mystery




# ရှေ့နေကြီး ပယ်ရီမေဆင်

နှင့်

# သေနတ်ကိုင်သော ကလေးအမှု

**မောင်ဝံသ**

မှုခင်းစုံထောက်နှင့် ဥပဒေပညာပေး



# အခန်း (၁)

မာဗင်ဆဲလ်ကတ်က အတတ်နိုင်ဆုံး ယဉ်ကျေးသိမ်မွေ့သော အမူအရာ လုပ်နေ၍ နော်ဇာ အယ်လီဆင်ကို လှမ်းတောင်းပန်လိုက်သည် ။

"ကျွန်တော့်ကို တစ်ဆိတ်ကလေး ခွင့်ပြုပါနော်"

ပြောပြောဆိုဆို ရှေ့သို့ အနည်းငယ် ကိုယ်ကို ကိုင်းလျက် သူ့ရှေ့ရှိ ကလေးငယ်၏ မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်သည် ။ ရိုက်လိုက်ပြီးနောက် နှုတ်မှ လည်း တစ်ဆက်တည်း ပြောဆိုလိုက်သည် ။

"ဒီမှာ . . . လူကြီး လူကောင်းကလေး၊ လူကြီးတွေ စကားပြောနေတဲ့ အခါ ဘယ်တော့မှ ဝင်ပြီး ကြားဖြတ်မပြောရဘူး။ နားလည်ပြီလား"

မာဗင် ရိုက်နှက်လိုက်သော ကလေးငယ်မှာ ကား အခြားသူ မဟုတ်ပါ။ အသက် ခုနစ်နှစ်ရွယ်မျှ ရှိသေးသော သူ၏ သားကလေးပင် ဖြစ်သည် ။ မာဗင်နှင့် နော်ဇာတို့ စကားကောင်းနေကြချိန် ကြားဖြတ်ဝင် စကားပြောဆိုသဖြင့် ဆုံးမလိုက်ခြင်း ဖြစ်၏။

မာဗင်သည် သားငယ်ကို ရိုက်နှက် ဆုံးမလိုက်ပြီးနောက် အေးအေးဆေးဆေးပင် ကုလားထိုင်၌ နေသားတကျ ပြန်ထိုင်လျက် စီးကရက်တစ်လိပ် မီးညှိဖွာရင်း နော်ဇာကို လှမ်းပြောသည် ။

"အင်း. . . ခုနက ပြောလက်စကလေး ဆက်စမ်းပါဦး"

သို့ရာတွင် နော်ဇာမှ စကား ဆက်မပြောနိုင်ဘဲ ကလေးငယ်၏ နာကျင် ဆွေးမြည့်နေသော မျက်လုံးများကိုသာ ငေးကြည့်နေမိသည် ။ ယခုလို ဖခင်၏ အရိုက်ခံရခြင်းသည် ဤကလေးငယ်အဖို့ ပထမဆုံး အကြိမ် မဟုတ်ကြောင်း သိနားလည်လိုက်မိသည် ။ ကလေးငယ်၏ မျက်လုံးအိမ်ထဲမှာ နာကျင် ဆွေးမြည့်မှု အရိပ်လက္ခဏာများက ဤသို့ သော ဒဏ်ချက်များကို ခံစားရဖန် များ ပြီဖြစ်ကြောင်း ဖော်ပြ နေသည် ။

ကလေးငယ်သည် လူရှေ့သူရှေ့ အရိုက်ခံလိုက်ရ၍ နာကျင်လွန်း သဖြင့် မျက်ရည်ဝိုင်းလာ သော်လည်း သူ့အဖေက ပြောဆိုလိုက်သော ‘ လူကြီး လူကောင်းကလေး’ ဟူသည့် အသုံးအနှုန်းနှင့် ကိုက်ညီစွာပင် လူကြီးကဲ့သို့ ဟန်ဆောင်လျက် မျက်ရည်မကျအောင် တင်းထားသည် ။ ထို့နောက် ချက်ချင်း အခန်းတံခါးဆီ ပြန်ထွက်သွားကာ အခန်းဝရောက် မှ ပြန်လှည့်၍ တောင်းပန်ရင်း အပြင်ထွက်သွားရှာ၏။

"ကျွန်တော် မှားသွားပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

ကလေး အခန်းအပြင် ရောက်သွားသည် နှင့် နော်ဇာအား မာဗင်က အကျိုးအကြောင်း ရှင်းပြ သည် ။

"သူ့အမေက လော့စ်အိန်ဂျလီမြို့မှာ နေတယ်လေ။ သူ့အမေဆီက ပြ န်လာတိုင်း ဒီကလေး ခုလိုပဲ အလိုက်ကမ်းဆိုးမသိ ဖြစ်ဖြစ်လာတယ် နော်ဇာ။ အမေ့ရဲ့ အကျင့်တွေ ပါလာတယ် ဆိုပါတော့။ သူ့အမေ ဆီက ပြန်လာတိုင်း ခုလိုပဲ ဆုံးမရလေ့ ရှိတယ်"

ထိုတစ်ခဏ ကလေးသည် ပင်လျှင် မာဗင်၏ စရိုက်ကို နော်ဇာတစ် ယောက် နားလည်ခွင့် ရလိုက် သော ခဏတာ ဖြစ်ခဲ့၏။ မာဗင်၏ ယဉ်ကျေးသိမ်မွေ့သော အမူအရာ အပြောအဆို နှစ်လိုဖွယ်အပြုံးနှင့် အ

လိုက်သိမှု စသည် တို့ မှာ စင်စစ် အပေါ်ယံ မျက်နှာဖုံးများ သာ ပါတကား ဟု လည်း နော်ဇာတစ်ယောက် နားလည်လိုက်မိသည် ။ ထိုမျက်နှာဖုံးအောက်တွင် တစ်ကိုယ်ကောင်းဆန်လွန်းသော၊ ကြမ်းတမ်းသော ပင်ကိုစရိုက် ရှိနေချေသည် တကား။

ထိုပင်ကို စရိုက်ကြမ်းကို အပေါ်ယံ ယဉ်ကျေးသိမ်မွေ့မှုဖြင့် ဖုံးကွယ်ထားခြင်းသာ ဖြစ်ကြောင်း လည်း နော်ဇာတစ်ယောက် ချက်ချင်း သဘောပေါက်သွားချေ၏။

နော်ဇာသည် ရုတ်တရက်ပင် ကုလားထိုင်မှ ထလိုက်ပြီး ဖြစ်နေလျက် မာဗင်ဘက် လှည့်ကာ ရင်ဖွင့်လိုက်တော့သည် ။

"ဒီမှာ မာဗင်. . . ကျွန်မ ဒါမျိုးတွေ့ရလိမ့်မယ်၊ ကြုံရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး။ အခုပဲ ကျွန်မ ပြန်တော့မယ်။ ရှင်နဲ့ ကျွန်မ ရေရှည်ဆက်ဆံကြဖို့ မဖြစ်နိုင်ဘူး ထင်ပါတယ်။ ကျွန်မ စိတ်မကောင်းလွန်း လို့ ခေါင်းကိုက် လာပြီ။ အိမ်ပြန်ပြီး ဆေးသောက် အနားယူပါရစေတော့"

မာဗင်က ချက်ချင်း ကုလားထိုင်မှ ခုန်ထလိုက်ပြီး နော်ဇာဘေး လာရပ်လျက် နော်ဇာ၏ လက်ကို ဆုပ်ကိုင်ရင်း ပြောလိုက်၏။

"အလို. . .နော်ဇာ ခေါင်းကိုက်တယ် ဆိုတာကလည်း ရုတ်တရက် ကြီးပါလား"

"ဟုတ်တယ်"

"ကိုယ် ဘယ်လို အကူအညီများ ပေးနိုင်မလဲ"

"မလိုပါဘူး"

မာဗင်က ခေတ္တစဉ်းစားလိုက်ပြီး အဖြေပေါ်လာဟန်ဖြင့် ပြောလိုက်သည် ။

"ဪ. . .နော်ဇာက ခုန ကလေးကို ရိုက်လိုက်လို့ စိတ်ထိခိုက်သွားတယ် ထင်တယ်။ ဒါ လက်ခံနိုင်ဘူးလား"

"ဘာကို လက်မခံနိုင်ရမှာ လဲ"

"ဪ. . .ကလေးကို စည်းနဲ့ ကမ်းနဲ့ ဖြစ်လာအောင် ဆုံးမတာကို လေ။ နော်ဇာက သိပ်စိတ်ပျော့ လွန်းတယ် ထင်တယ်"

"ကျွန်မ မပျော့ညံ့ပါဘူးရှင်။ ဒါပေမဲ့ ကလေးကို စည်းနဲ့ ကမ်းနဲ့ ဖြစ်အောင် တခြားနည်းတွေ သုံးလို့ ရနိုင်ပါတယ်။ ပြီးတော့ ရှင် ဆုံးမချင်ရင်လည်း ကျွန်မပြန်တဲ့ အထိလောက်တော့ စောင့်ဖို့ မကောင်းဘူးလား ။ ကျွန်မ ပြန်သွားတော့မှ ဖျောင်းဖျောင်းဖျဖျ ရှင်းပြပေါ့။ လူကြီးတွေ စကားပြောနေတဲ့ အခါ ကြားဝင်ပြောတယ်ဆိုတာ လူကြီးသူကောင်း မဆန်ဘူးလို့ ဆိုရင် ရှင့်သားကလေး ရောဘတ်ဟာ နားလည်နိုင်ပါတယ်။ ကလေးက ထက်မြက်ပုံရှိတယ်။ ဒီလို သူ့အမှားကို ဖျောင်းဖျောင်းဖျဖျ ပြင်ပေးရင် ကလေးကလည်း ပြင်သွားမှာ ပါ။ ခုတော့ ရှင်က ဒီလိုမဟုတ်ဘဲ ကျွန်မရှေ့မှာ တင် ကလေးကို ရိုက်တယ်။ အဲဒါဟာ လူတစ်ယောက်လို သဘောမထားတဲ့ အဓိပ္ပာယ်ပဲ။ ကလေးကို ချိုးနှိမ်ရာလည်း ရောက်တယ်"

"အလို. . .နော်ဇာ၊ မင်းလို အိမ်ထောင်မကျဖူးသေးတဲ့ မိန်းမသားတစ်ယောက်က ကိုယ့်ကို အိမ်ထောင်ကျဖူးတဲ့ လူကို ဩဝါဒပေးနေပါကလား။ ဒီဩဝါဒမျိုးကို မလိုလားဘူး နော်ဇာ။ ကိုယ့်ဆုံးမ နည်းဟာ မှန်တယ်"

"အင်း. . .ကျွန်မအထင်တော့ ကျွန်မ ရှင့်ကို ခုမှ ပဲ အမှန်အတိုင်း နားလည်ခွင့်ရတယ် ထင်ပါ တယ်"

"နော်ဇာ ကိုယ့်ကို နားမလည်သေးပါဘူးလေ"

မာဗင်၏ မျက်လုံးများ သည် ပြောရင်းဆိုရင်း ဒေါသရောင်လွှမ်း လျက် ခြိမ်းခြောက်ဟန် ပေါ်နေ သည် ။ တစ်ဆက်တည်း ပြောပြန်၏။

"ကိုယ် မင်းကို ယူမယ် နော်ဇာ။ ကိုယ်ဟာ လိုချင်တာကို ရအောင်ယူ လေ့ရှိတယ်။ မင်း ကိုယ့်လက်က လွတ်နိုင်မယ် ထင်သလား။ မထင်နဲ့ မှားလိမ့်မယ်။ တစ်ရုံးတည်းလုပ်နေတဲ့ ဟိုကောင် ဘင်နီဒစ်နဲ့ မင်းနဲ့ လေပေးဖြောင့်နေကြတာ ကိုယ်သိတယ်။ သူ့အကြောင်း မင်း အမှတ်တ မဲ့ အမွှမ်းတင် တာတွေလည်း များ ပြီ။ တစ်ခုတော့ မမေ့ဖို့ ပြောပါရစေ နော်ဇာ။ မင်းဟာ ကိုယ်နဲ့ စေ့စပ်ကြောင်းလမ်း ပြီးကြောင်း ကြေညာပြီး နေပြီနော်။ ကိုယ့်ကို ဘယ်အမျိုးသမီးမှ တစ်ပတ်ရိုက်လို့ မရနိုင်ဘူး။ ကို ယ့်ကို ဒီလိုလုပ်တာမျိုးလည်း ကိုယ် လက်မခံနိုင်ဘူး။ မင်း ကိုယ့်ကို လက်ထပ်မယ်လို့ ကတိပေးပြီးပြီ။ ဒီတော့ ကတိအတိုင်း ကိုယ့်ကို လက် ထပ်ရမယ် ဒါပဲ"

ပြောပြောဆိုဆို မာဗင်က နော်ဇာ၏ လက်ကို ခပ်တင်းတင်း ဖျစ် ညှစ်ထား၏။ မျက်လုံးမှာ လည်း ကြောက်စရာကောင်းလောက်အောင် ဒေါသရောင် ထွက်နေသည် ။

သို့သော် ခဏအတွင်း ထိုအမူအရာများ ပျောက်သွားပြန်လျက် မျက်နှာဖုံး ပြန်စွပ်လိုက်သည့် အလား လေသံ ပျော့သွားပြန်၏။

"အင်းလေ. . .နော်ဇာ စိတ်မကောင်းဖြစ်နေရတုန်း ဒီအကြောင်းတွေ ကိုယ် မပြောသင့်ပါဘူး။ စိတ်အနှောင့်အယှက်လည်း ထပ်မပေးသင့်ပါ ဘူး။ ကဲ. . . အချစ်လေး. . .လာ. . . မောင် အိမ်ပြန်ပို့ ပေးပ့ါမယ်။ ရောဘ တ်ကိစ္စ မောင်လည်း တော်တော် စိတ်မကောင်းဖြစ်ရပါတယ်။ မောင် ပြောတာက အချစ် စိတ်မကောင်း ဖြစ်ရတဲ့ အတွက် ဝမ်းနည်းမိတာကို ပြောတာနော်။ ရောဘတ် ကိစ္စကတော့ သူ့အကြောင်း မောင် ပိုသိလို့ သူ

နဲ့ ထိုက်တန်သလို ကိုင်တွယ်ပေးရတာပါ"

***

မည်သို့ဆိုစေ ထိုညက နော်ဇာတစ်ယောက် အကြိမ်ကြိမ် စဉ်းစား ဆုံးဖြတ်ပြီးနောက် ညတွင်း ချင်း မာဗင့်ထံ စာတစ်စောင် ရေးလိုက်ကာ စေ့စပ်ကြောင်းလမ်းထားခြင်းကို ဖျက်သိမ်းကြောင်း အကြောင်းကြားလိုက်တော့သည် ။

ထိုမှ နောက်သုံးရက်မြောက် ညတွင် နော်ဇာသည် တစ်ရုံးတည်း လုပ်ဖော်ကိုင်ဖက် နာသန် ဘင်နီဒစ်နှင့် ပထမဆုံးအကြိမ် အပြင်ထွက်လည်ပတ်သည် ။ နော်ဇာ အကြိုက်ဆုံး ထမင်းဆိုင်တွင် ဘင်နီဒစ်က ညစာကျွေးသည် ။ နောက်နှစ်ရက်အကြာ တစ်ညတွင် ကား မာဗင့်ထံမှ နော်ဇာထံ ဖုန်းလာ၏။ အေးအေးဆေးဆေး စကားပြောလိုသည် ဟု ချိန်း၏။ နော်ဇာက ဘာမှ ထူးလာတော့မည် မဟုတ်ကြောင်း၊ အားလည်း မအားကြောင်း၊ အပြင်ထွက်ရန် ချိန်းထားကြောင်း ပြန်ပြောသည် ။ မာဗင်က ခံပြင်းသံဖြင့် မေးသည် ။

"ဘင်နီဒစ်နဲ့ တွဲထွက်မှာ မဟုတ်လား။ ကိုယ် ခေါ်သွားနေကျ ထမင်းဆိုင်ကို တွဲသွားနေကြပြီ မဟုတ်လား နော်ဇာ"

"ဒါ ရှင်နဲ့ ဘာမှ မဆိုင်ပါဘူး။ ရှင့်အလုပ် မဟုတ်ပါဘူး"

နော်ဇာက ပြတ်ပြတ် ပြန်ပြောရင်း ဖုန်းချပစ်လိုက်သည် ။ ထို့နောက် နော်ဇာထံ ဖုန်း အဆက်မပြတ် ခေါ်နေသေး၏။ နော်ဇာက လုံးဝ နားမထောင်တော့။

ည ၈ နာရီတိတိ၌ ဘင်နီဒစ် အချိန် အတိအကျ ရောက် လာပြီး ခေါ်သည် ။ ဘင်နီဒစ်မှာ မျက်လုံး မျက်ဖန် ကောင်းကောင်း ၊ အရပ် ထောင်

ထောင်မောင်းမောင်း ယောကျ်ားပီသူဖြစ်သည် ။ နော်ဇော့ကိုလည်း လေးလေးစားစား ဆက်ဆံသည် ။ ထိုညက နော်ဇာသည် ဘင်နီဒစ်နှင့် ထိုထမင်းဆိုင်သို့ပင် ဒုတိယ အကြိမ် သွားကြပြန်၏။

ထမင်းစားခန်းတွင်း စားပွဲမအားသေးသဖြင့် နှစ်ဦးသား ခေတ္တ ထိုင်စောင့်ရန် အရက်ခန်း တွင်းသို့ ဝင်ကြသည် ။ မာဗင်ကို နော်ဇာ လုံးဝ သတိမထားမိ၊ မမြင်မိခဲ့၊ မြင်လိုက်ရသောအခါ အချိန် နှောင်းသွားချေပြီ။ အကြောင်းမူ. . .

နော်ဇာနှင့် ဘင်နီဒစ်တို့ တွဲပြီး အရက်ခန်းမတွင်း ဝင်သွားစဉ် ရောက်နှင့်နေပြီးဖြစ်သော မာဗင်က ဘင်နီဒစ် ဟန်ပျက်ပြီး လဲကျသွားစေရန် ရှေ့မှ ခြေထိုးခံလိုက်သည် ။ နော်ဇာတစ်ယောက်သာ ထိုသို့ လုပ်လိုက်ခြင်းကို တွေ့လိုက်ရ၏။ ထို့နောက်မှ ဖြစ်လာသော အဖြစ်အပျက်ကိုသာ လူအတော် များများ မျက်မြင်တွေ့ကြရချေ၏။ မာဗင်က ခြေလည်း ထိုးခံပေးသည် ။ ချက်ချင်းလည်း ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်ပြီး. . .

"မင်းလားကွ. . .ငါ့ကို"ဟု ပြောပြောဆိုဆို ဘင်နီဒစ် မေးစေ့ကို တစ်ချက်တည်း ကွက်တိ ထိုးထည့်လိုက်သည် ။

ဘင်နီဒစ်မှာ ရုတ်တရက် ချက်ကောင်း အမိခံလိုက်ရသောကြောင့် တစ်ချက်တည်းဖြင့်ပင် လဲကျ သွားရှာသည် ။ မေးရိုးပင် ကျိုးသွားသည် ။

ဘင်နီဒစ် လဲကျသွားစဉ် မာဗင်၏ အပေါင်းအသင်း နှစ်ယောက်က စားပွဲမှ ထလာလျက် ရန်ပွဲကို ဖျန်ဖြန်ပြု၏။ မာဗင်၏ လက်ကိုလည်း ဆွဲထားလိုက်ကြသည် ။

ခေတ္တအားဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည် ။

စားပွဲထိုးများ ဝိုင်းလာကြပြီး မကြာမီ ရဲအဖွဲ့ဝင်များ လည်း ရောက်လာသည် ။

ဘင်နီဒစ်အား ထိုးလိုက်ချိန် မာဗင်၏ ညာဘက်လက်သီးတွင် ပြောင်ပြောင်လက်လက် တွေ့လိုက်ရ၍ နော်ဇာက ကြည့်လိုက်ရာ 'သံလက်သီး' စွပ်ထားကြောင်း အသေအချာ တွေ့မြင်လိုက် ၏။

ဘင်နီဒစ်၏ ကျိုးသွားသော မေးရိုးဒဏ်ရာသည် သံလက်သီး ဒဏ်ရာဖြစ်ကြောင်းလည်း ဆရာဝန်တစ်ဦးက အစစ်ခံ၏။

နော်ဇာကလည်း သံလက်သီးကို မြင်လိုက်ရသူဖြစ်၍ မာဗင်၏ ကိုယ်ပေါ်တွင် ရဲများကို ရှာဖွေ စေ၏။ သို့သော် မာဗင်၏ ကိုယ်ပေါ်တွင် ဘာဆိုဘာမျှ မတွေ့။ အနီးရှိ မာဗင်၏ အပေါင်းအသင်း နှစ်ဦး အနက် တစ်ဦးကို ရှာရာ၌ လည်း မတွေ့။ သို့သော် မာဗင်၏ အခြား အပေါင်းအသင်း တစ်ဦးကား စားပွဲသို့ လူဝိုင်းမလာမီ ရဲများ ရောက်မလာမီကပင် လူအုပ်ကြားထဲ ဝင်ရောက် ပျောက်ကွယ်သွားပြီ ဖြစ်၏။

အခြား အချိန်းအချက်တစ်ခု ရှိသဖြင့် ထိုသူ ပြန်သွားခြင်းဖြစ်ကြောင်း စစ်ဆေးလိုက ခေါ်ပေးမည်ဖြစ်ကြောင်း မာဗင်က ပြောသည် ။

မာဗင်၏ အခြားအစစ်ခံချက်များမှာ ရိုးရိုးကလေးပင်-

မိတ်ဆွေများ နှင့် စားပွဲတွင် ထိုင်နေကြစဉ် သူက အဝင်တံခါးဘက်ကျောပေးထားခိုက် ဘင်နီဒစ် က အနားမှ ဖြတ်အသွား မာဗင်၏ ခြေကိုတက်နင်းသွားကြောင်း၊ ဖြတ်နင်းသွားရုံမျှမက ခြေသလုံးကို ပင် ကန်ထည့်သွားကြောင်း၊ ထို့ကြောင့် မာဗင် ထိုင်ရာမှ ထလိုက်စဉ် ဘင်နီဒစ်က ထိုးရန်ပြင်ကြောင်း၊ ထို့ကြောင့် မိမိက လက်ဦးအောင် ထိုးလိုက်ခြင်း

ဖြစ်ကြောင်းဟူ၍ ဖြစ်သည် ။

ထိုအဖြစ်အပျက်ပြီးနောက် တစ်ပတ်အကြာမှ အစပြု၍ နော်ဇာတစ်ယောက် စာတိုက်မှ လာသော ဘယ်သူ့ထံမှ ဟူ၍ မသိရသည့် စာအိတ်များကို မှန်မှန် ရနေတော့သည် ။ စာတိုက်တံဆိပ်မှာ လော့စ်အိန်ဂျလီမြို့မှ ဖြစ်ပြီး လေကြောင်းမှ ပို့ခြင်းဖြစ်သည် ။ နော်ဇာနေထိုင်သည် မှာ ဆန်ဖရန် စစ္စကိုမြို့ ဖြစ်သည် ။ စာအိတ်ထဲတွင် သတင်းစာဖြတ်ပိုင်း တစ်ခုမှ သည် သုံးခုအထိ အမြဲ ပါပါလာတတ်၏။ ဖြတ်ပိုင်းပါ သတင်းများမှာ လည်း မယားနှင့်ကွဲနေသော လင်က သူ့မယားနှင့် မခွဲနိုင်၍ မယားနောက်လိုက်ရာ လက်မခံသဖြင့် နောက်ယောင်ခံလိုက်လျက် လမ်းပေါ်တွင် ပင် ပစ်သတ် လိုက်သော သတင်းမျိုး၊ ရည်းစားက စွန့်ပစ်ခံလိုက်ရသူ လူငယ်တစ်ဦး အရက်ကို အဖော်ပြုမိရင်း ရည်းစားအပေါ် မခံမရပ်နိုင်ဖြစ်လာ၍ ရည်းစားအိပ်ခန်းအတွင်း ဇွတ်ဝင်လျက် သေနတ်ဖြင့် ငါးချက်တိတိ ပစ်သတ်လိုက်ကြောင်း သတင်းမျိုး၊ ရည်းစားဟောင်းက တစ်ရုံးတည်းမှ လူငယ်နှင့် တွဲနေသည် တွင် အရက်ကို အဖော်ပြုနေမိသူ လူငယ်သည် ရုံးထဲဝင်သွားလျက် ရည်းစားဟောင်း ကိုလည်း ပစ်သတ်၊ သူ့ကိုယ်သူလည်း ပစ်သတ်သွားသော သတင်းမျိုး စသဖြင့် ပါဝင်၏။

နော်ဇာသည် ထိုသတင်းများကို သတင်းစာ၌ ဖတ်ပြီးဖြစ်ပါ၏။ သို့ရာတွင် မိမိ၏ နာမည်ဖြင့် စာတိုက်မှ ပို့သော စာအိတ်များ ထဲတွင် ထိုသတင်းများကို တွေ့တွေ့နေသောအခါ စိတ်ထဲ ချောက်ချား ခြင်း ဖြစ်လာရတော့သည် ။

နောက်ဆုံး၌ နော်ဇာသည် သူ့ထံရောက်လာသော စာအိတ်နှင့် သတင်း ဖြတ်ပိုင်းများ နှင့် ပတ်သက်၍ ရှေ့နေတစ်ဦးထံ သွားရောက် တိုင်ပင်၏။ နော်ဇာ၏ ရှေ့နေက သက်ဆိုင်ရာ စာတိုက်ဌာန သို့ သွားရောက်၍

အကျိုးအကြောင်း တင်ပြကာ စုံစမ်း အရေးယူခိုင်းသည် ။ စာတိုက်မှ ပုဂ္ဂိုလ်တို့ ကြိုးစား ဖြေရှင်းနေစဉ်တွင် ပင် နောက်ထပ် စာအိတ်များ နော်ဇာ၏ လိပ်စာဖြင့် ဆက်တိုက် ရောက်လာ နေပြန်၏။ မည်သူက ပို့နေကြောင်းလည်း အထောက်အထား ရှာမတွေ့နိုင် ဖြစ်နေသည် ။ စာအိတ်ကို နော်ဇာထံ ပို့သူမှာ ကျွမ်းကျင်လှ၏။ စာအိတ်ပေါ်၊ သတင်းဖြတ်ပိုင်းပေါ် လက်ဗွေရာ မထင်စေရန် လက်အိတ်အသုံးပြုသူ ဖြစ်သည် ။ လော့စ်အိန်ဂျလီမြို့အထိ လိုက်လံစုံစမ်းပြန်ရာ လမ်းဘေး စာတိုက် ပုံးများမှ တစ်ဆင့် စာထည့်ခြင်းဖြစ်၍ ခြေရာပျောက်နေပြန်၏။

နော်ဇာ၏ လိပ်စာကိုလည်း စာအိတ်ပေါ်၌ ပုံနှိပ်ထားခြင်းဖြစ်၍ သဲလွန်စ ပျောက်နေပြန်သည် ။ ပုံနှိပ်စာလုံးမှာ အသေးစား ပုံနှိပ်စက်မျိုးဖြင့် ရိုက်ချက်ဖြစ်သည် ။ ခရစ္စမတ်တွင် ကလေးများ အတွက် လက်ဆောင်အဖြစ် ပေးတတ်သော ကလေး ပုံနှိပ်စက်ငယ်မျိုး ဖြစ်၏။

ရှေ့နေ၏ အကြံပေးချက်အရ နော်ဇာက လော့စ်အိန်ဂျလီရှိ မာဗင်၏ ဇနီးဟောင်းနှင့် ဆက်သွယ်စုံစမ်းရာ ဇနီးဟောင်း လော်ရင်းက ထိုပုံနှိပ်စက်ကလေးမျိုးကို မာဗင်ထံတွင် နေသော သူ့သား ရောဘတ်အတွက် ယမန်နှစ်က လက်ဆောင်အဖြစ် ပို့ပေးဖူးကြောင်း တယ်လီဖုန်းထဲမှ ပြောပြ၏။ ရောဘတ်သည် ထိုစက်ငယ်ကို ဆန်ဖရန်စစ္စကိုရှိ သူ့ဖခင် မာဗင်ထံ အသွား၌ ယူသွားသည် ဆို၏။ မာဗင်ကလည်း ထိုစက်ငယ်ကို အလွန်သဘောကျနေသည် ဟု ဆို၏။

ဤသတင်း ရလိုက်သဖြင့် နော်ဇာ၏ ရှေ့နေက သဲလွန်စ ရပြီဟု ဆိုကာ ဝမ်းမြောက်သွားသည် ။ သို့ဖြင့် အိမ်ရှာ ဝရမ်းရအောင် ယူလျက် ရဲအဖွဲ့ဝင်များ နှင့်အတူ မာဗင်၏ အိမ်ကို ရှာ၏။ ပုံနှိပ်စက် ကလေးကို အလွယ်တကူပင် တွေ့ရသည် ။ သို့သော် အသေအချာ စစ်ကြည့်သည် တွင်

ထိုစက်ကို အသုံး မပြုဘဲ ထားသည် မှာ ကြာပြီဖြစ်ကြောင်းနှင့် ထိုစက်မှ စာလုံးနှင့် နော်ဇာရနေသော စာအိတ်ပေါ်မှ စာလုံးများ အမျိုးအစားချင်း မတူကြောင်း တွေ့ကြရ၏။

ရဲအဖွဲ့ဝင်တို့ ရှာဖွေကြစဉ် မာဗင်သည် အလွန် သိမ်သိမ်မွေ့မွေ့ ဆက်ဆံ၏။ နော်ဇာ တစ်ယောက် နှောင့်ယှက်ခံနေရကြောင်း သိရသဖြင့် စိတ်မကောင်းကြောင်းလည်း ပြောပြသည် ။ နော်ဇာနှင့် သူတို့ ယခင်က စေ့စပ်ခဲ့ကြဖူးကြောင်း၊ နောင်တွင် ပြဿနာအသေးအဖွဲ တစ်ခုကြောင့် ပြတ်သွားကြောင်း၊ ထို့နောက်ပိုင်းတွင် နော်ဇာ စိတ်ထိခိုက်နေပုံရကြောင်း၊ ယခု အနှောင့်အယှက် ခံနေရပြန်ကြောင်း ကြားရ၍ စိတ်မကောင်းကြောင်း၊ လိုအပ်လျှင် နော်ဇာကို အနှောင့်အယှက် ပေးနေသူအား တွေ့အောင် ရှာရေးအတွက် ငွေကြေး အကူအညီလိုက ကူညီလိုကြောင်းပါ မာဗင်က ပြောသည် ။ ရဲအဖွဲ့ဝင်များ နောင် လာတွေ့လိုက၊ စစ်လိုက၊ ရှာလိုက အချိန်မရွေး လာနိုင်ပါကြောင်း၊ ဝရမ်းပင် မလိုပါကြောင်း မိမိ၏ ဤသဘောထားကိုလည်း နော်ဇာသို့ တစ်ဆင့် ပြောပေးပါရန်ပါ မာဗင်က ပြောလိုက်သေး၏။

တစ်နေ့တွင် မာဗင်၏ ဇနီးဟောင်း လော်ရင်းထံမှ နော်ဇာထံ အဝေးပြော ဖုန်းလာ၏။

"ဟိုပုံနှိပ်စက်ကလေးကို စစ်ကြည့်ပြီလား"

"စစ်ပြီးပြီ. . . မဟုတ်ဘူး "

"အင်း. . .ဒီလူ့အကြောင်း ကိုယ်သိတယ် နော်ဇာ။ ရောဘတ်ကို ကိုယ်ပေးတဲ့ ပုံနှိပ်စက်ကိုလည်း တွေ့ရော စာလုံးချင်း မတူတဲ့ အလားတူ စက်တစ်ခု မာဗင် သွားဝယ်ခဲ့တယ်လို့ သိရတယ်။ အဲဒီ စက်သစ် နဲ့ စာအိတ်ပေါင်း ၂၀၀ လောက်ပေါ်မှာ လိပ်စာတွေရိုက်ပြီး စက်သစ်ကို

ပင်လယ်ထဲ သွားပစ်ချလိုက်ပြီ တဲ့ ။ နော်ဇာ သူ့ကို မသင်္ကာဖြစ်မယ်ဆို တာ သူက သိပြီးသားပဲ။ သူဘယ်လောက် ယုတ်တတ်တယ်ဆိုတာ အဲဒါ ပဲ ကြည့်တော့။ ဟန်ဆောင်သိပ်ကောင်းတဲ့ လူ၊ နော်ဇာ သူနဲ့ ဒီလောက် အကြာကြီး တွဲနိုင်ခဲ့တာ ကိုယ်တောင် အံ့သြတယ်"

"ကျွန်မ အချိန်မီ သိလိုက်ရလို့ ရှောင်လိုက်နိုင်ပါတယ်ရှင်"

နော်ဇာကလည်း အမှန်အတိုင်း ပြောပြသည် ။

လော်ရင်းက ဖုန်းထဲမှ ရယ်မောရင်း မှတ်ချက်ချသည် ။

"ဒါဆို နော်ဇာက ကိုယ့်ထက်တော်တယ်"

ထိုနေ့က လော်ရင်းနှင့် နော်ဇာတို့ စကားပြောကြရာတွင် ရောဘတ် အား မာဗင်က အချိန်ပိုင်း အုပ်ထိန်းခွင့် ရသွားကြောင်းနှင့် မိမိသာ လုံး ဝ အုပ်ထိန်းခွင့် ရလိုကြောင်း လော်ရင်းက ပြောကြား သည် ။ ရောဘတ် ကို အမှန်တကယ်ပင် မာဗင်က လိုချင်သည် မဟုတ်၊ ရောဘတ်ကို လော် ရင်း ချစ်လွန်း ကြောင်း သိနေသဖြင့် လော်ရင်း စိတ်ဒုက္ခရောက်စေရန် လုပ်ခြင်းသာ ဖြစ်ကြောင်းလည်း သိလိုက် ရသည် ။ နောက်ဆုံး၌ နော် ဇာကိုလည်း မရရအောင် နည်းပေါင်းစုံဖြင့် ကြိုးစားလိမ့်မည်ဟု လော်ရ င်းက နော်ဇာကို သတိပေး၏။

"ဒီလူက ဒီလောက်တောင် ကြောက်စရာ ကောင်းသလားရှင်"

"အင်း. . .ပရိယာယ် သိပ်ကြွယ်တယ်။ ယုတ်ယုတ်ကန်းကန်း အကွက်ဆင်တတ်တယ်။ တစ်ကိုယ်ကောင်း ဆန်လွန်းတဲ့ ကိုယ်ကျိုး သက်သက် သမားပဲ။ ရက်လည်း ရက်စက်တယ်။ ကိုယ့်တုန်းက ကိုယ့် နောက်ကို နောက်ယောင်ခံဖို့ စုံထောက်တွေတောင် သူ ငှားထားခဲ့တယ်။ ဒါကြောင့် နော်ဇာလည်း သတိတော့ထား"

လော်ရင်းနှင့် စကားပြောပြီးနောက် နော်ဇာသည် မာဗင်ပေးလာမည့် အန္တရာယ်များကို စိုးရိမ် ထိတ်လန့်၍ ရဲအဖွဲ့ထံ အကူအညီတောင်းခံ၏။ ရဲအဖွဲ့ကလည်း ဤအဆင့်၌ ဘာမျှ မတတ်နိုင် သေးကြောင်း ရှင်းပြ၏။

နော်ဇာက ဘင်နီဒစ် ခံလိုက်ရပုံအကြောင်း ပြောပြပြန်ရာ ဘင်နီဒစ်ကိုယ်တိုင်ပင် မာဗင်၏ ခြေထောက်ကို နင်းမိ၊ မနင်းမိ မသေချာ၍ ဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောဆိုသည် ။

သို့ဖြင့် တစ်နေ့တွင် လော်ရင်းထံမှ တယ်လီဖုန်း ဆက်လာပြန်သည် ။

"နော်ဇာရေ. . .ညီမအတွက် သတင်းပေးစရာ ရှိတယ်။ ဖုန်းထဲ ပြောလို့ မကောင်းဘူး။ ဒီသတင်း က တို့ နှစ်ယောက်လုံးအတွက် ကောင်းတယ်။ တစ်ယောက်နဲ့ တစ်ယောက် ကူညီနိုင်တယ်။ ဒီတော့ တို့ ဆီ အလည်လာခဲ့ပါလား"

နော်ဇာက သောကြာနေ့ည လေယာဉ်ဖြင့် လိုက်လာမည်။ တနင်္ဂနွေနေ့တွင် ပြန်မည်ဟု အကြောင်းပြန်လိုက်ရာ နောက်တစ်နေ့တွင် လေယာဉ် အသွား အပြန် လက်မှတ်နှစ်စောင်နှင့် စာတစ်စောင်ကို လော်ရင်းက နော်ဇာထံ ပို့လိုက်၏။

"ကိုယ်တို့ လင်မယား လေယာဉ်ကွင်းမှာ လာကြိုမယ်၊ လာရင် မှတ်မိအောင် လေယာဉ်က အဆင်း ဘယ်ဘက်လက်အိတ်ပဲ စွပ်ထား၊ ညာဘက်လက်အိတ်ကို ဘယ်ဘက်လက်ထဲမှာ ကိုင်ထား။ ကိုယ် ကားမမောင်းနိုင်လို့ ကိုယ့်ခင်ပွန်း ဘာတန်က မောင်းလိမ့်မယ်။ တစ်ခုရှိတယ်။ ညီမ အပြန်ခရီးမှာ တစ်ဦးဦး နောက်ယောင်ခံရင် မတွေ့အောင် တခြား လေယာဉ်လက်မှတ် တစ်စောင်ပါ ဝယ်ထားတယ်။ ညီမ သောကြာနေ့

ရှုံးကပြန်ကတည်းက သတိထားတော့။ နောက်ယောင်ခံသူ ရှိရင်လည်း မျက်ခြည်ပြတ်အောင် လုပ်ပြီးမှ လေယာဉ်ကွင်းကိုသွား"

စာဖတ်ရစဉ် နော်ဇာတစ်ယောက် ရယ်ချင်နေသေး၏။ သို့သော် မှာသည့်အတိုင်းပင် ရည်းစား သည် ဘင်နီဒစ်ကို ကားမောင်းစေလျက် ဆန်ဖရန်စစ္စကို လေယာဉ်ကွင်းသို့ ခြေရာဖျောက် လိုက်ပို့စေခဲ့ ၏။

***

# အခန်း (၂)

နော်ဇာ လော့စ်အိန်ဂျလီ လေဆိပ်သို့ ရောက်သောအခါ ည ၁၀ နာရီ ထိုးချေပြီ။ မှာ သည့်အတိုင်း လက်အိတ်တစ်ဖက်ကိုချွတ်၍ ကိုင်ထားရာ လော်ရင်းက လာနှုတ်ဆက်၏။

"အို. . .နော်ဇာရယ်၊ တွေ့ရတာ ဝမ်းသာလိုက်တာကွယ်။ ဒါ ကိုယ့် ခင်ပွန်း ဘာတန်ဂျင်းနင်းတဲ့ ။ ညီမကလည်း သိပ်လှတာကိုး။ မာဗင်စွဲ တာလည်း စွဲလောက်ပါရဲ့ "

နော်ဇာက ဘာတန်ဂျင်းနင်းနှင့် လက်တွဲနှုတ်ဆက်၏။ လေယာဉ်ကွ င်းမှ ကားဆီ လျှောက်လာ စဉ်၌ လော်ရင်းကပင် စကား တတွတ်တွတ် ပြောလာခဲ့၏။

"အိမ်မှာ ပဲတည်းနော်။ အခန်းပိုလည်း ရှိတယ်"

"ကျေးဇူးတင်ပါတယ်ရှင်။ ဒါပေမဲ့ ကျွန်မ ဒီလိုလာရတဲ့ ကိစ္စလည်း ပြောပြပါဦး"

"ကိုယ်တို့ ရှေ့နေကောင်းတစ်ယောက် တွေ့ထားတယ်။ သူ့နာမည် က မစ္စတာကရောဖို့ တဲ့ ။ ညီမ မကြားဖူးဘူးလား"

"ကျွန်မ ကြားဖူးတာကတော့ လော့စ်အိန်ဂျလီ နယ်တစ်ဝန်းလုံးမှာ နာမည်ကြီးတဲ့ ရှေ့နေကြီး ပယ်ရီမေဆင်ပဲ။ လိုအပ်ရင် ပယ်ရီမေဆင်နဲ့ ဆက်သွယ်ဖို့ တောင် တချို့က ညွှန်ကြဖူးတယ်"

"ဟာ. . .ပယ်ရီမေဆင်က လူသတ်မှုတွေမှာ ပဲ ကောင်းတာ။ ကရောဖို့ ကျတော့ စွယ်စုံ ညီမရဲ့ ။ ခုဆို ကိုယ့်သားလေး ရောဘတ်ကို ကရောဖို့ကြောင့် ပြန်ပြီး ရတော့မယ်။ ညီမကတော့ ရုံးမှာ သက်သေခံ ပေးဖို့ လိုတာပေါ့"

"ရှင်. . .ညီမက သက်သေခံပေးရမယ်။ ဟုတ်လားရှင်"

နော်ဇာက တအံ့တသြ ဖြစ်သွားသည် ။

"ဟုတ်တယ်လေ ညီမရဲ့ ။ အခြေအနေကို ညီမလည်း သိနေတာပဲ။ ပြီးတော့ ရောဘတ်ကလေးကို လည်း ညီမ ချစ်တယ် မဟုတ်လားကွဲ့"

"ဒါနဲ့ တယ်လီဖုန်းနဲ့ ပြောတုန်းကတော့ ကျွန်မအတွက် အကျိုးရှိရာရှိကြောင်း သတင်းဆို။ ကျွန်မဆန္ဒကလည်း မာဗင်နဲ့ အပြတ်ကင်းရှင်းဖို့ပဲ။ ပြီးတော့. . . ဟိုသတင်းစာ ဖြတ်ပိုင်းတွေ ကျွန်မဆီ ပို့နေတာလည်း ရပ်သွားစေချင်တယ်။ မာဗင်နဲ့ ဘယ်လိုမှ မပတ်သက်ချင်တော့ဘူး"

လော်ရင်းက ရှင်းပြသည် ။

"ဟုတ်တယ်လေ။ အဲဒါလည်း တစ်ချက် အပါအဝင်ပေါ့။ ဒီလိုရှိတယ် ညီမရဲ့ ။ ရှေ့နေကြီး ကရောဖို့ က ပြောတယ်။ ညီမက မာဗင်ဟာ ရောဘတ်မျက်နှာကို ညီမရှေ့မှာ ကို ရက်ရက်စက်စက် ရိုက်နှက်တဲ့ အကြောင်း ရုံးမှာ သက်သေထွက်ဆိုလိုက်ရင် ညီမဘက်ကို သူမဲလာမယ်။ ခြိမ်းခြောက် လာမယ်။ အဲဒီအချိန်မှာ ကိုယ်တို့ တစ်တွေက တရားရုံး ဦးတိုက် လျှောက်လိုက်ရုံပဲ။ ညီမကို သူ ခြိမ်းခြောက်လာတာက ရောဘတ်အပေါ် သူ ရက်စက်တဲ့ ကိစ္စမှာ ညီမက သက်သေဖြစ်နေပြီကိုး။ ဒီတော့ မှ တရားရုံးကနေ မာဗင်ကို ဆက်မလုပ်ဖို့ စီစဉ်ရမယ်။ ဆက်လုပ်ရင် ရုံးတော်က မထိမဲ့မြင်ပြုမှုနဲ့ သူ့ကို အရေးယူမယ်"

နော်ဇာက နားထောင်နေရာမှ ဝင်ပြောလိုက်ပြန်သည် ။

"နေပါဦးရှင်။ ခုဆို မာဇင်ဟာ လူမသတ်ရုံတမယ် ကျွန်မအပေါ် နည်းပေါင်းစုံနဲ့ အနှောင့်အယှက် ပေးပြီးခဲ့ပြီ။ နောက်တစ်ဆင့် သူ ဘာ လုပ်မယ်လို့ ကျွန်မလည်း မသိနိုင်သေးဘူး။ ဒီတော့ ကျွန်မ အသက်အန္တ ရာယ် ရှိလာနိုင်တယ်။ ရှင့်ရှေ့နေကြီး ဘယ်လောက်ပဲ ကောင်းကောင်း အထောက်အထား ပထမ ရှိထားရဦးမှာ ပါ။ ခုထိ ကျွန်မတို့ မှာ အထော က်အထား ဘာမှ မရှိသေးဘူး မဟုတ်လား"

"ဘယ့်နှယ် ပြောလိုက်တာလဲ ညီမ။ ကိုယ်တို့ မှာ အထောက်အထား ရှိနေပြီလေ။ ဥပမာ- ရောဘတ်ကို သူ နည်းနည်းမှ မချစ်မနှစ်သက် ကြောင်း မျက်မြင်သက်သေအဖြစ် ညီမတစ်ယောက်လုံး ကိုယ်တို့ မှာ ရှိ နေပြီပဲ။ ရောဘတ်ကို သူ အချိန်ပိုင်း အုပ်ထိန်းစောင့်ရှောက်ခွင့် ရယူ ထားတာကလည်း ကိုယ့်ကို စိတ်ဓာတ်အရ ညှဉ်းဆဲဖို့ ရည်ရွယ်တယ်ဆို တာ ရှင်းနေပြီ မဟုတ်လား"

"ရှင့်အတွက်ကတော့ ဟုတ်ပါပြီ။ ကျွန်မအတွက်က ဘယ်မှာ လဲ။ ဒီ တော့ ကျွန်မလည်း ကျွန်မ ကိုယ်တိုင် ရှေ့နေတစ်ယောက်တော့ ငှားရ လိမ့်မယ်ထင်တယ်"

"အင်းလေ။ ဒီနေ့ သောကြာနေ့ညဆိုတော့ မနက်ဖြန် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက် ဆက်နေပြီ။ ညီမ ဘယ်ရှေ့နေမှ တွေ့နိုင်မှာ မဟု တ်ဘူး ။ ဒါပေမဲ့ မစ္စတာ ကရောဖို့ နဲ့ ကတော့ အစီအစဉ် လုပ်ထားလို့ မ နက်ဖြန် မွန်းမတည့်ခင် သူ့ရုံးမှာ ရှိနေလိမ့်မယ်။ ညီမရဲ့ သက်သေထွက် ချက် အဲဒီမှာ ပေးရမှာ "

နော်ဇာက ငြိမ်သက်စွာ စဉ်းစားနေ၏။

"ညီမရယ်. . .ခုလို စီစဉ်ရတာက ကိုယ့်အတွက်သာ မဟုတ်ပါဘူး။

ရောဘတ်အတွက်လည်း ပါပါတယ်။ ဒီတော့ ရောဘတ် ကိစ္စကလေး တော့ ကူညီစေချင်ပါတယ်"

လော်ရင်းက ရောဘတ်ကို မာဖင်ဆီ ပို့ထားလိုက်၊ ခေတ္တ ပြန်ခေါ် ထားလိုက်နှင့် အလှည့်ကျ အုပ်ထိန်းခွင့်မပြုစေဘဲ လုံးဝ ပြန်လည် ရယူ နိုင်ရေးအတွက် ယခင် နှစ်နှစ်ကတည်းက ကြိုးစား ခဲ့ကြောင်း၊ ယခုမှ အဆင်ပြေမည့် လမ်းကြောင်း တွေ့လာကြောင်းနှင့် နော်ဇာကို ရှင်းပြရာ သည် ။ ရောဘတ်ကို မာဖင်က ရိုက်နှက်ကြောင်း နော်ဇာ၏ ထွက်ချက် ဖြင့် မာဖင်ကို တရားပင် စွဲနိုင်ပြီ ဖြစ်ကြောင်း လော်ရင်းက ပြောရာ ငြိမ် နားထောင်နေသော နော်ဇာက ဝင်ပြောသည် ။

"ရောဘတ်ကို ရိုက်တာကလည်း တစ်ချက်တည်းရယ်၊ ပြီးတော့ ကျွန်မ မြင်တာကလည်း တစ်ခါတည်းရယ်၊ ဒီတော့ သိပ်တော့ မပိုင် သေးဘူး ထင်ပါတယ်"

"ရက်ရက်စက်စက် ရိုက်လိုက်တာ မဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ်"

နော်ဇာက ဆက်တွေးနေမိသည် ။ ယခု ခရီး ထွက်လာရခြင်းသည် ပင်လျှင် တစ်ပတ်ရိုက် ခေါ်ယူ၍ ရောက်လာနေခြင်း ဟုတ် မဟုတ် စဉ်း စားနေမိခြင်း ဖြစ်၏။

လော်ရင်းက ဆက်၍ တိုက်တွန်းသည် ။

"ရိုက်တာက ရက်ရက်စက်စက်ဆိုတော့ တရားစွဲလို့ ရပါတယ် ညီမ ရယ်"

နော်ဇာက လော်ရင်း၏ ခင်ပွန်းကို လှည့်ကြည့်လိုက်ရာ ခင်ပွန်းဖြစ် သူ ဘာတန်က ရယ်ပြီး ဝင်ပြော၏။

"ကျွန်တော်က ယာဉ်မောင်းတာဝန်ပဲ ယူထားရပါတယ် ခင်ဗျား။ လော်ရင်းရဲ့ အရင်အိမ်ထောင် နဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ကျွန်တော် ဘာမှ လည်း မသက်ဆိုင်လို့ အေးအေး ရှောင်နေပါတယ်။ အင်း. . . ကျူပ်ဘက် မာဗင် လှည့်လာရင်တော့လည်း တစ်မျိုးပေါ့။ အသေသတ်မိ လိမ့်မယ် ထင်တယ်။ ခုတော့ ဒါကလော်ရင်းရဲ့ ကိုယ်ရေးကိုယ်တာဖြစ် လို့ ကျွန်တော် လက်ရှောင်နေပါတယ်။ ဒီကိစ္စအတွက် လော်ရင်း လိုအပ် တဲ့ ငွေကြေးကိုလည်း ကျွန်တော်က သုံးခွင့်ပြုပါတယ်။ အင်း. . .ရောဘ တ်ကလေး ကိစ္စတစ်ခုတော့ ကျွန်တော် ရင်လေးမိတာ အမှန်ပါပဲ"

"ဘယ်သူကကော ရင်မလေးဘူး ပြောလို့ လဲရှင်။ ရောဘတ်ကိစ္စ ကျွ န်မလည်း ရင်လေးတာပါပဲ"

နော်ဇာက ယခုမှ သူ့သဘောထားကို ပြောပြလိုက်သည် ။

"ဩော်. . . ဒါနဲ့ ခု ရောဘတ် ဘယ်မှာ လဲ။ ဒီရက်မှာ လော်ရင်းတို့ ဆီ ပြန်နေနေတယ်လို့ သိရတယ်။ ပါမလာဘူးလားရှင့်"

နော်ဇာအမေးကို လော်ရင်းကပင် ဖြေ၏။

"ရှိတယ်။ ကိုယ်တို့ ဆီမှာ ပဲ။ မနက်ဖြန် ရုံးပိတ်ရက်မှာ အပေါင်းအဖော်တွေနဲ့ တောလည် ခရီးထွက်မှာ မို့ ပါမလာတာ။ ရက် အားရတုန်း တောလည်ခရီးထွက်ရင်း ဟိုမှာ ပဲ ညအိပ်ရမှာ ။ ပြီးတော့ သူ့ ခွေးလည်း ပါသွားမယ်။ တောလည်ရရင် သူ သိပ်ပျော်တာ။ ဒီအခွင့် အရေးကလည်း ရခဲတယ် မဟုတ်လား။ ဩော်. . . ညီမ လာမယ့် အကြောင်း သူ့ကို မပြောမိသေးဘူး။ သူ မသိစေချင်တာလည်း အကြောင်းရှိတယ်။ ညီမ လာမှာ သူသိသွားရင် သူ ခရီးထွက်တော့မှာ မ ဟုတ်တော့ဘူး။ ညီမနဲ့ အတူ လျှောက်လည်မှာ ။ အဲဒါဆို ဒီမြို့ကို ညီမ ရောက်နေတဲ့ အကြောင်း တခြားလူတွေ သိသွားနိုင်တယ်။ လည်ဖို့ ပတ်

ဖို့ ဆိုတာ နောက်တစ်ခါမှ တစ်ပတ်လုံးလုံး ကိုယ်တို့ စီစဉ်ပေးပါ့မယ်"

နော်ဇာ ငြိမ်ပြီး စဉ်းစားနေ၏။ အတန်ကြာမှ လော်ရင်းကပင် စကားဆက်ပြောပြန်၏။

"မနက်ဖြန်ကျတော့ ရှေ့နေကြီး ကရောဖို့ နှင့် တွေ့ကြရအောင်နော် နော်ဇာ။ တွေ့ပြီးရင် ညီမ ပိုသိလာမှာ ပါကွယ်"

နော်ဇာသည် ဟိုတယ်၌ သွားတည်းရန်ပင် စိတ်ကူးမိသေး၏။ သို့သော် လော်ရင်းက မရမက ဖိတ်ခေါ်လွန်း၍ လော်ရင်းတို့ အိမ်၌ လိုက်သွားဖြစ်ခဲ့သည် ။

အိမ်အရောက် ရောဘတ် မည်သည့်အခန်း၌ အိပ်နေကြောင်း မေးကြည့်ရာ ရောဘတ်သည် သူ့ခွေးကြီးနှင့်အတူ နောက်ဖေးခြံဝင်းထဲ ရှက်ဖျင်တဲတွင်း ဆင်းအိပ်လေ့ရှိကြောင်း၊ ယခုလည်း ခြံဝင်းထဲ ၌ အိပ်နေပြီ ဖြစ်ကြောင်း ပြောပြ၏။

ရောဘတ်အိပ်ရာ ခြံနောက်ဖေးဘက်သို့ ဘာတန်ကိုယ်တိုင် ဆင်းသွားပြီး ကြည့်ရှုသည် ။ ရောဘတ်သာမက ခွေးကြီးပါ အိပ်ပျော်နေပြီ ဖြစ်ကြောင်း တွေ့ရသဖြင့် ဧည့်ခန်းထဲ ပြန်လာသည် ။

နော်ဇာက ခြံထဲထွက်ကြရန် ပြောသည် ။ ရောဘတ် နိုးလျှင် နော်ဇာကို တွေ့သွားမည်။ တွေ့က မနက်ဖြန် ရောဘတ် ခရီးစဉ် ပျက်သွားနိုင်သည် ။ ထို့ကြောင့် မတွေ့ရန် တောင်းပန်၏။

လော်ရင်း၏ ရှင်းလင်းချက် လေသံ၌ နော်ဇာအတွက် ထူးဆန်းသော အချက်များကို သတိထား လိုက်မိ၏။ ရောဘတ်နှင့် နော်ဇာတို့ သည် မာဗင်၏ အိမ်တွင် မကြာခဏ ဆုံခဲ့ကြကတည်းက ခင်မင်နေ ခဲ့ကြသူများ ဖြစ်သည် ။ လော်ရင်းက ထိုကိစ္စ ဝန်တိုမှုများ ရှိနေသလောဟု ပင် နော်

ဇာ တွေးနေမိသည် ။ သို့သော် ခရီးပန်းလာခဲ့သဖြင့် တည်းရမည့် အိပ်ခန်းထဲအရောက် ဆက်မစဉ်းစားမိတော့ဘဲ အိပ်ရာဝင် လိုက်တော့သည် ။ နော်ဇာ အိပ်စက်ရသည့် အိပ်ခန်းမှာ ဒုတိယထပ် ရှေ့ဆုံးအခန်း၊ အိမ်၏ အနောက် မြောက်ထောင့်တွင် ရှိသည် ။

***